## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### ၂၀၁၈ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၅၂

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၇ တွင် ချမှတ်ခဲ့သော ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၃ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအပေါ် တင်သွင်းသော အယူခံမှု

မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီလီမိတက် နှင့် ဦးစိုးနိုင်ဦး
(၎င်း၏ကိုယ်စားမန်နေဂျာ ဒေါ်သဥ္ဇာလွင်)

**အယူခံတရားလို** **အယူခံတရားပြိုင်**

အယူခံတရားလိုအတွက် - ဦးမောင်မောင်သန်း၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်အတွက် - ဦးလှရွှေ၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၇ တွင် မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီလီမိတက် မှ ဦးစိုးနိုင်ဦး အပေါ် "တရားလိုပိုင် ကုန်အမှတ်တံဆိပ်အမည်ကို ဆင်တူယိုးမှားပြုလုပ်သည့် ကုန်အမှတ်တံဆိပ်အားဖျက်ဆီးစေပြီး ထိုကုန်အမှတ်တံဆိပ်အမည်ဖြင့် စိုက်ပျိုးရေးသုံးဆေးပစ္စည်းများနှင့် ဓာတ်မြေသြဇာများ ဖြန့်ဖြူးရောင်းချမှု မပြုလုပ်ရန်အတွက် ထာဝရတားဝရမ်းရလိုမှု" စွဲဆိုရာ အမှုကို ပလပ်ခဲ့သည်။ အဆိုပါ ဒီကရီကို မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီလီမိတက်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤအယူခံမှုကို တင်သွင်းခြင်း ဖြစ်သည်။

အဆိုလွှာတွင် တရားလို မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီလီမိတက်သည် မှတ်ပုံတင်အမှတ် ၁၃၂၂/ ၁၉၉၄-၉၅၊ **awba** သြဘာကုန်အမှတ်တံဆိပ်ပိုင်ဆိုင်ကြောင်း၊ အဆိုပါ အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာစာချုပ်အမှတ် ၆၅၅၅/ ၂၀၀၈၊ ၆၅၅၆ / ၂၀၀၈ တို့ကို ပြုလုပ်ကြေညာခဲ့ကြောင်း၊ ထိုသို့ကြေညာရာတွင် ကြေညာချက်အပိုဒ် (၃) တွင် အဆိုပါ ကုန်အမှတ်တံဆိပ်ကို အရောင်အသွေး၊ အရွယ်အစား၊ စာလုံးပုံစံအမျိုးမျိုးဖြင့် စိုက်ပျိုးရေးသုံးပစ္စည်းများနှင့် ဓာတ်မြေသြဇာများအပါအဝင် အောက်တွင်ဖော်ပြထားသော ပစ္စည်းအမျိုးအမည်

များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် အသုံးပြုလျက်ရှိကြောင်း၊ တရားလို၏ ကုမ္ပဏီတွင် တရားဝင်ကိုယ်စားလှယ်အဖြစ် ၂၀၁၃ ခုနှစ်က လုပ်ကိုင်ခဲ့သူ တရားပြိုင်သည် ပျော်ဘွယ်မြို့တွင် ရွှေသြဘာ ရွက်ဖျန်းမြေသြဇာလုပ်ငန်းကို မှတ်ပုံတင်၍ ဖြန့်ဖြူးရောင်းချခဲ့ကြောင်း၊ တရားလို၏ ကုမ္ပဏီမှထုတ်လုပ်သောပစ္စည်းများဟု ထင်ယောင်ထင်မှားဖြစ်စေရန် တရားလို၏ ကုန်အမှတ်တံဆိပ်ကို ဆင်တူယိုးမှားတုပပြုလုပ်သုံးစွဲခဲ့သဖြင့် များစွာနစ်နာကြောင်း၊ တရားပြိုင်ထုတ်လုပ်ရောင်းချသည့် ပစ္စည်းများနှင့် အမည်တို့မှာ တရားလို ၂၂ နှစ်ကျော်ရောင်းချခဲ့သည့် ပစ္စည်းများနှင့်အမည်တူနေသဖြင့် နစ်နာမှုရှိကြောင်း အဆိုပြုစွဲဆိုသည်။

ချေလွှာတွင် တရားပြိုင်၏လုပ်ငန်းအမည်နှင့် တရားလို၏ လုပ်ငန်းအမည်မှာ တူညီခြင်းမရှိကြောင်း၊ တရားပြိုင်က တရားဝင်မှတ်ပုံတင် လျှောက်ထား၍ ရွှေသြဘာသီးနှံစုံ အထူးရွက်ဖျန်းမြေသြဇာ၊ ရွှေသြဘာပဲတီစိမ်းအထူး၊ ရွှေသြဘာငရုတ်အထူး၊ ရွှေသြဘာဝါအထူး၊ ရွှေသြဘာ မြေပဲအထူး၊ ရွှေသြဘာကြက်သွန်အထူး၊ ရွှေသြဘာပဲမျိုးစုံအထူး၊ အမှတ်တံဆိပ်များဖြင့် ရောင်းချခြင်းဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် မှတ်ပုံတင်အမှတ် အစ-၉ (၁၅၅၀၅) ဖြင့် ၁၂-၁၂-၂၀၁၃ ရက်နေ့က ရွှေပုပ္ပါးစိုက်ပျိုးရေးလုပ်ငန်းအမည်ဖြင့် မှတ်ပုံတင်ရောင်းချခြင်းဖြစ်ကြောင်း၊ မြန်မာ့သြဘာအမည်မှာ ကုမ္ပဏီအမည်ဖြစ်ပြီး ကုန်အမှတ်တံဆိပ်မှာ အင်္ဂလိပ်စာတန်းဖြင့် ရောင်းချခြင်းဖြစ်၍ ထင်ယောင်ထင်မှား ဖြစ်ရန်အကြောင်းမရှိကြောင်း၊ အမှုစွဲဆိုရန်အကြောင်း မပေါ်ပေါက်ကြောင်း၊ အမှုကို ဤပုံစံအတိုင်းစွဲဆိုခွင့်မရှိကြောင်း ချေပသည်။

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က တရားလို၏ မြန်မာ့သြဘာအမှတ်တံဆိပ်နှင့် တရားပြိုင်၏ ရွှေသြဘာအမှတ်တံဆိပ်အမည်တို့မှာ ဆင်တူယိုးမှားဖြစ်သောကြောင့် ဝယ်ယူသုံးစွဲသူများအကြား ထင်ယောင်ထင်မှားဖြစ်ပေါ်စေသည်ဆိုခြင်းမှာ မှန်ကန်မှုမရှိကြောင်း၊ တရားလိုတွင် ထိခိုက်နစ်နာရန်အကြောင်းမရှိသဖြင့် တရားပြိုင်အသုံးပြုနေသည့် ရွှေသြဘာဟူသော ကုန်အမှတ်တံဆိပ်ကို အသုံးမပြုစေရန် ထာဝရတားဝရမ်းရထိုက်ခွင့်မရှိကြောင်း သုံးသပ်၍ အမှုကို စရိတ်နှင့်တကွ ပလပ်သည်။

အယူခံတရားလို၏တရားလွှတ်တော်ရှေ့နေက မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီလီမိတက်သည် မြန်မာ့သြဘာအမည်ဖြင့် စိုက်ပျိုးရေးသုံးဆေးပစ္စည်းများကို ဖြန့်ဖြူးရောင်းချသကဲ့သို့ အယူခံတရားပြိုင်ကလည်း ရွှေသြဘာအမည်ဖြင့် စိုက်ပျိုးရေးသုံးပစ္စည်းများကို ဖြန့်ဖြူးရောင်းချခြင်းဖြစ်၍ သာမန်အားဖြင့် ဆင်တူယိုးမှားဖြစ်နေကြောင်း၊ ကုန်အမှတ်တံဆိပ်ပိုင်ဆိုင်မှုမှာ လုပ်ငန်းနှင့်ပူးတွဲ အသုံးပြုလျှင်ပိုင်ဆိုင်ခွင့်ရှိသည်ဖြစ်၍ ယခုအမှုတွင် မြန်မာ့သြဘာကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်သည်ဖြစ်စေ၊ မှတ်ပုံမတင်သည်ဖြစ်စေ၊ ယနေ့တိုင်လုပ်ငန်းတွင်အသုံးပြုနေသဖြင့် ကုန်အမှတ်တံဆိပ်အမည်ကို တရားလိုကပိုင်ဆိုင်ကြောင်း၊ ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ ရုပ်ပုံဒီဇိုင်းသာမက နာမည်လည်းပါဝင်ကြောင်း၊ ကုန်အမှတ် တံဆိပ်ဆိုရာတွင်ထူးခြားသည့် စာတမ်းလည်းပါဝင်ကြောင်း၊ သြဘာဟူသောအမည်သည် သိသာထင်ရှားသည့် ကုန်အမှတ်တံဆိပ်ဖြစ်ကြောင်း၊ ပေါ်ပေါက်သဖြင့် အမှုတွင် ငြင်းချက်များကို တရားပြိုင်ဘက် အသာပေးဖြေဆို၍ အမှုကိုပလပ်သည့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်သည် မှန်ကန်ခြင်းမရှိကြောင်း၊ အယူခံတရားပြိုင်သည် အယူခံတရားလို ကုမ္ပဏီ၏ အရောင်း

ကိုယ်စားလှယ်ဖြစ်ပြီး ကုမ္ပဏီ၏လုပ်ငန်းကိုဝင်ရောက်လုပ်ကိုင်ရောင်းချနေစဉ် ၁ လအကြာတွင် ရွှေသြဘာ အမည်ဖြင့် စိုက်ပျိုးရေးသုံးပစ္စည်းများထုတ်လုပ်ရောင်းချနေခြင်းသည် တရားလိုကုမ္ပဏီ၏ ကုန်အမှတ်တံဆိပ်ကိုသိလျက်နှင့် ရည်ရွယ်ချက်ရှိရှိ မတော်မတရားသုံးစွဲရာရောက်ကြောင်း တရားလိုစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ် ပေးသင့်ကြောင်း၊ **စီအမ်ဘရားသား နှင့် ကွန်ဂျလန် အမှု**[၁] ကို ရည်ညွှန်း၍ လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏တရားလွှတ်တော်ရှေ့နေက အယူခံတရားလို၏ မြန်မာ့သြဘာတံဆိပ်နှင့် ၎င်း၏ရွှေသြဘာတံဆိပ်သည် လုံးဝတူညီခြင်းမရှိကြောင်း၊ တောင်သူ ဦးမောင်မောင် (ပြိုင်ပြ-၃) က ထွက်ဆိုထားကြောင်း၊ မူလရုံးက သက်သေခံပစ္စည်းများကို ကြည့်ရှုကာ လက်တွေ့စစ်ဆေးခဲ့ပြီးငြင်းချက်အမှတ် (၁) ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်ဆုံးဖြတ်ထားကြောင်း၊ ကုန်အမှတ်တံဆိပ်ဟူသည် ဈေးကွက်တွင် ရောင်းချသော ကုန်စည်များကို အခြားအလားတူ ကုန်စည်များအပေါ်တွင် ကပ်ထားသော သင်္ကေတ၊ အမှတ်တံဆိပ် (brand) ခေါင်းစီး (Heading) စသည့်တို့အား စုပေါင်းထားချက်များပါဝင်သည် ဖြစ်ကြောင်း၊ မြန်မာ့သြဘာတံဆိပ်နှင့် ရွှေသြဘာတံဆိပ်အမည်တို့ကို တောင်သူများကြား ထင်ယောင်ထင်မှား မဖြစ်ခဲ့ကြောင်း၊ အယူခံတရားလိုက ပိုးသတ်ဆေးများထုတ်လုပ်ရောင်းချခြင်းဖြစ်ပြီး အယူခံတရားပြိုင်က ရွက်ဖျန်းမြေသြဇာရောင်းချရာတွင် အသုံးပြုသည့် တံဆိပ်များဖြစ်၍ ကွဲလွဲသောကုန်ပစ္စည်းများဖြစ်ကြောင်း၊ ၂၂ နှစ်ကျော်ရောင်းချခဲ့သည့် အယူခံတရားလိုကုမ္ပဏီတွင် များစွာထိခိုက်နစ်နာကြောင်း အဆိုပြုထားသော်လည်း နစ်နာမှုရှိရန်အကြောင်း မပေါ်ပေါက်ကြောင်း၊ ထာဝရတားဝရမ်းလျှောက်ထားခြင်းကို ခွင့်ပြုရန်မှာ သိသာထင်ရှားသည့် အကျိုးပျက်စီးစေမှုဖြစ်လာရန်အကြောင်း ပေါ်ပေါက်မှသာ ခွင့်ပြုနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဆက်လက်အတည်ပြုသင့်ကြောင်း၊ **ဦးဇော်မင်းမြတ် ပါ -၂ နှင့် ဦးတင်အောင်အေး ပါ -၂ အမှု**[၂] ကို ရည်ညွှန်း၍လျှောက်လဲတင်ပြသည်။

ဤအယူခံရုံးက ဆုံးဖြတ်ရမည့် ပြဿနာမှာ မူလရုံးတရားလိုစွဲဆိုမှုကို ပလပ်ခဲ့သော မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီသည် ကြောင်းခြင်းရာအရလည်းကောင်း၊ ဥပဒေအရလည်းကောင်း မှန်ကန်မှုရှိ မရှိ စိစစ်ရန်ဖြစ်သည်။

အမှုတွင် အယူခံတရားလို၏ မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီလီမိတက်မှ ထုတ်လုပ်သည့် ပစ္စည်းများအတွက် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည့် အထောက်အထားများကို သက်သေခံအမှတ် (ဃ)၊ (ဃ-၁)၊ (ဃ-၂)၊ (ဈ) မှ (ဈ-၇) ထိ တင်ပြထားပြီး ထုတ်ကုန်ထုတ်ပိုးသည့် အိတ်ခွံ ၆ လုံးကို သက်သေခံအမှတ် (ဆ) မှ (ဆ-၅) ထိတင်ပြထားသည်။

အယူခံတရားပြိုင်ဘက်မှလည်း ရွှေသြဘာအမည်ဖြင့် စိုက်ပျိုးရေးသုံးဆေးပစ္စည်းများကို ရောင်းချရာတွင် သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ပ/၂၈/၂၀၁၅-၁၆ မှတ်ပုံတင်ပါ ရွှေသြဘာရွက်ဖျန်းဓာတ်မြေသြဇာလုပ်ငန်းအမည်အစား ရွှေပုပ္ပါးစိုက်ပျိုးရေးသုံးလုပ်ငန်း

---

၁။ ၁၉၅၀ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ- ၂၆၂ (လွှတ်တော်)
၂။ ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၁၈၆

အမည်ဖြင့် ပြောင်းလဲခဲ့ကြောင်း၊ ကုန်ပစ္စည်းထုတ်ပိုးသည့် အိတ်ခွံတွင်လည်း အယူခံတရားလိုများ၏ ထုတ်ကုန်ထုတ်ပိုးမှုနှင့် တူညီမှုမရှိ၍ ထင်ယောင်ထင်မှားဖြစ်ရန်အကြောင်း မရှိကြောင်း ထွက်ဆိုပြီး ထုတ်ပိုးအိတ်ခွံ ၄ ခုကို သက်သေခံအမှတ် (၈) မှ (၈-ဂ) ထိ တင်ပြထားသည်ကို တွေ့ရသည်။

အဆိုလွှာအပိုဒ် ၇၊ ၈ တို့တွင် တရားပြိုင်သည် ရွှေဩဘာအမည်ဖြင့် စိုက်ပျိုးရေးသုံးပစ္စည်းနှင့် ဓာတ်မြေဩဇာ၊ သီးနှံစုံရွက်ဖျန်းမြေဩဇာများကို ထုတ်လုပ်ရောင်းချသဖြင့် တရားလိုကုမ္ပဏီထုတ် မြန်မာ့ဩဘာအမည်ဖြင့် စိုက်ပျိုးရေးသုံးဆေးပစ္စည်း၊ ဓာတ်မြေဩဇာတို့ရောင်းချခြင်းကို ဆင်တူယိုးမှား တုပပြုလုပ်သည့်အတွက် တရားလိုကုမ္ပဏီတွင်များစွာနစ်နာကြောင်း၊ ဆင်တူယိုးမှားဖြစ်နေသည့် တရားပြိုင်၏ ကုန်အမှတ်တံဆိပ်အား ဖျက်ဆီးစေပြီး၊ ထိုကုန်အမှတ်တံဆိပ်အမည်ဖြင့် ဖြန့်ဖြူးရောင်းချမှုမပြုလုပ်ရန်အတွက် ထာဝရတားဝရမ်းရလိုမှု အနိုင်ဒီကရီချမှတ်ပေးပါရန် အဆိုပြုသည်။

အယူခံတရားလိုကုမ္ပဏီ၏ မြန်မာ့ဩဘာအမည်ပါကုန်အမှတ်တံဆိပ်ကို အယူခံတရားပြိုင်က တုပပြုလုပ်ရောင်းချ၍ ဈေးကွက်အတွင်း သုံးစွဲသူများအကြား၊ ထင်ယောင်ထင်မှားဖြစ်စေခြင်းရှိ မရှိ အဓိကစိစစ်ရန်ဖြစ်သည်။

အယူခံတရားလိုကုမ္ပဏီ၏ အဓိကတင်ပြချက်မှာ နှစ်ပေါင်းများစွာ "မြန်မာ့ဩဘာ" "ဩဘာ" ဟူသောအမည် အခေါ်အဝေါ်ဖြင့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့် စိုက်ပျိုးရေးသုံးပစ္စည်းများ ရောင်းချ၍ အထူးအောင်မြင်နေချိန်တွင် အယူခံတရားပြိုင်၏ကုမ္ပဏီက "ရွှေဩဘာ" အမည်ဖြင့် အမျိုးအစားတူ၊ စိုက်ပျိုးရေးသုံးပစ္စည်းများကို ထုတ်လုပ်ရောင်းချလာသဖြင့် ဈေးကွက်တွင် ကုန်ပစ္စည်းချင်း ဆင်တူယိုမှားဖြစ်စေသည့်အတွက် များစွာနစ်နာကြောင်း တင်ပြထားသည်။

အတုပြုလုပ်သည်ဆိုရာတွင် အရာဝတ္ထု၏ပုံသဏ္ဍာန်ထပ်တူထပ်မျှတူရန်မလို မှားလောက်အောင်ဆင်တူယိုးမှားဖြစ်လျှင် လုံလောက်အကျုံးဝင်သည်ဟု ရာဇသတ်ကြီးပုဒ်မ ၂၈ တွင် ပြဋ္ဌာန်းထားသည်။ တုပမှုဖြစ်စေရန် တံဆိပ်အတုနှင့်အစစ်သည် အသေးစိတ်အချက်အလက်အားလုံးထပ်တူညီရန်မလို၊ အဆိုပါ တံဆိပ် ၂ ခုတူနေခြင်းသည် အချင်းဖြစ် ကုန်ပစ္စည်းများကို ရောင်းချရန် ရည်စူးသော လူများအား လှည့်ဖြားရန်၊ စီမံပြုလုပ်ထားသည်ဟု သဘောရရှိလျှင် တုပမှုဖြစ်ရန် ဥပဒေအရလုံလောက်ကြောင်း ကောက်ယူသုံးသပ်နိုင်သည်။ ယင်းမူသဘောကို **ဂေါ်ရှမ်းစု နှင့် အီးစီမဒါးဘရားသားစ် အမှု** [၃] ၊ **ဦးမောင်မောင် (ခ) အလီဘိုင် နှင့် ဒေါ်ခင်သန်းမြင့် အမှု** [၄] တွင်ထုံးဖွဲ့ထားသည်။

တရားလိုကုမ္ပဏီမှ မှတ်ပုံတင်ကြေညာထားသော ကုန်အမှတ်တံဆိပ်တွင် awba **မြန်မာဩဘာလုပ်ငန်းစု၊ Myanmar Awba Group ပုံနှင့်တကွ အင်္ဂလိပ်ဘာသာနှင့် မြန်မာ့ဩဘာလုပ်ငန်းစု** ဟူသော မြန်မာစာသားတို့ပါရှိကြောင်း တွေ့ရသည်။

---

၃။ ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၁၃၆ (လွှတ်တော်)
၄။ ၁၉၇၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၇၂

တရားပြိုင်က သမဝါယမဝန်ကြီးဌာနတွင် မှတ်ပုံတင်၍ ရွှေသြဘာအမည်ဖြင့် ရွက်ဖျန်း မြေသြဇာလုပ်ငန်းကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့မှစ၍ လုပ်ကိုင်ခဲ့ကြောင်း၊ သမဝါယမဝန်ကြီး ဌာန၊ အသေးစားစက်မှုလက်မှုဌာနတွင် ရွှေသြဘာ ရွက်ဖျန်းဓာတ်မြေသြဇာအမည်ဖြင့် မှတ်ပုံတင်အမှတ် အ-စ ၉/၁၅၅၀၅၊ ၂၅-၉-၂၀၁၃ ရက်စွဲပါ သက်သေခံအမှတ် (၁) ဖြင့် မှတ်ပုံတင်ဖြန့်ဖြူးရောင်းချရာမှ၊ ရွှေသြဘာ ရွက်ဖျန်းဓာတ်မြေသြဇာအမည်အစား ရွှေပုပ္ပါးအမည်ကို ပ/၂၈/၂၀၁၅-၂၀၁၆ မှတ်ပုံတင် သက်သေခံအမှတ် (၂) ဖြင့်ပြောင်းလဲ၍ ၁၂-၁၂-၂၀၁၃ နေ့မှစ၍ မှတ်ပုံတင်ဖြန့်ဖြူးရောင်းချခဲ့ကြောင်း၊ ပျော်ဘွယ်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အယူခံတရားပြိုင်၏အမည်ဖြင့် ၂၅-၉-၂၀၁၃ ရက်စွဲပါ ရွှေသြဘာအမည်ဖြင့် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ကြေညာစာတမ်း သက်သေခံအမှတ် (၃) ကို တင်ပြထား ကြောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ရွှေသြဘာလုပ်ငန်းအမည်အစား ရွှေပုပ္ပါးစိုက်ပျိုးရေးသုံးလုပ်ငန်းအမည် ဖြင့် ပြောင်းလဲမှတ်ပုံတင်၍ ထုတ်ပိုးရောင်းချခဲ့ကြောင်း၊ ၎င်းရောင်းချသည့်ပစ္စည်းများ ထုတ်ပိုးအိတ်ခွံတွင် **ရွှေသြဘာ** အမည်စာသားကို ရိုက်နှိပ်ထားပြီး အိတ်ခွံနောက်ကျောတွင် "ရွှေပုပ္ပါးစိုက်ပျိုးရေးဆေးထုတ်လုပ် ရေးမှ ဖြန့်ဖြူးရောင်းချသည်" ဟုပါရှိကြောင်း၊ ကုန်အမှတ်တံဆိပ်ချင်းမတူညီသကဲ့သို့ ဆင်တူယိုးမှားမှု လည်းမရှိသဖြင့် ဝယ်သူများအနေဖြင့် ထင်ယောင်ထင်မှား မရှိကြောင်း၊ အမှုတွင် နှစ်ဘက်အမှုသည်များ သက်သေခံတင်ပြထားသော ကုန်အမှတ်တံဆိပ်ပါ၊ **အိတ်ခွံ သက်သေခံအမှတ် (ဆ) နှင့် (ဆ-၅)၊ သက်သေခံ အမှတ် (ဧ) မှ (ဧ-ဂ) တို့ကို** နှိုင်းယှဉ်၍ မူလရုံးက သုံးသပ်ဆုံးဖြတ်ထားသည်ကို တွေ့ရသည်။

ကုန်အမှတ်တံဆိပ်ဟူသည် ဈေးကွက်တွင် ရောင်းချသော ကုန်စည်များကို အခြားအလားတူ ကုန်စည်များနှင့် ခွဲခြားနိုင်ရန်လည်းကောင်း၊ တစ်ဦးတစ်ယောက်သောပိုင်ရှင်နှင့် ဆက်စပ်မိစေရန်လည်း ကောင်း၊ ထိုရောင်းသောကုန်စည်အတွက်အသုံးပြုသည့် သို့မဟုတ် ကုန်စည်များအပေါ်တွင် ကပ်ထားသော သင်္ကေတ အထိမ်းအမှတ်ဖြစ်သည်။ ကုန်အမှတ်တံဆိပ်တွင် ပုံအမှတ် (divice)၊ အမှတ်တံဆိပ် (brand)၊ ခေါင်းစည်း (heading) စသည်တို့ကို စုပေါင်းထားခြင်းလည်းပါဝင်သည်။ မြန်မာနိုင်ငံတွင်ကုန်အမှတ် တံဆိပ်ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ပြဋ္ဌာန်းချက်မရှိပေ။ သို့ရာတွင် အသုံးပြုခြင်းအတွက် ပိုင်ဆိုင်ခွင့် သို့မဟုတ် အခွင့်အရေးရနိုင်သည်၊ တုပမှုအတွက် တံဆိပ်စစ်နှင့်အတုသည် အသေးစိတ်အားလုံးထပ်တူ တူရန်မလို၊ အချင်းဖြစ်ကုန်ပစ္စည်းများကို ရောင်းချရန် ရည်စူးသောလုပ်ငန်းကို လိမ်လည်လှည့်ဖြားရန် စီမံပြုလုပ်ထားသည်ဟု သဘောရရှိလျှင် တုပမှုဖြစ်ရန်ဥပဒေအရ လုံလောက်ကြောင်း၊ **ဦးတင်လတ် (ခ) ဦးစိုင်းလတ် ပါ - ၂ နှင့် ဦးကျော်ငြိမ်း အမှု**[5] တွင် ထုံးဖွဲ့ထားသည်။

အမှုတွင် တင်ပြထားသော သက်သေခံချက်များအရ မူလရုံးတရားပြိုင်အသုံးပြုသည့် ကုန်အမှတ်တံဆိပ်နှင့် မူလရုံးတရားလို အသုံးပြုသော ကုန်အမှတ်တံဆိပ်တို့မှာ ပုံအမှတ် (divice)၊ အမှတ် တံဆိပ် (brand)၊ ခေါင်းစည်း (heading) တို့မှ တူညီချင်းမရှိဘဲ မြန်မာ့သြဘာနှင့် ရွှေသြဘာ ဟု ကွဲပြား သော စာသားဖြင့် ဖော်ပြထားသဖြင့် ဝယ်ယူသူများအကြား ထင်ယောင်ထင်မှား ဖြစ်စေနိုင်မည် မဟုတ် ကြောင်း ပေါ်ပေါက်တွေ့ရသည်။

---

၅။ ၂၀၁၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၂၁၆

သို့ဖြစ်၍ အယူခံတရားပြိုင်က ရွှေသြဘာအမည်ဖြင့် မှတ်ပုံတင်၍ ရွက်ဖျန်းဓာတ်မြေသြဇာကို ဖြန့်ဖြူးရောင်းချခြင်းသည်၊ သုံးစွဲသူများအကြား အယူခံတရားလို၏ မြန်မာသြဘာ ကုန်အမှတ်တံဆိပ်ဖြင့် ဖြန့်ဖြူးရောင်းချခြင်းကို ထိခိုက်စေရန် လိမ်လည်လှည့်ဖြား စီးပွားလုပ်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ ဤအခြေအနေတွင် မူလရုံး၏ သုံးသပ်ဆုံးဖြတ်ချက်သည် အမှုတွင် ပေါ်ပေါက်သည့် သက်သေခံချက်များနှင့် ကွဲလွဲဆန့်ကျင်သည်ဟု မဆိုနိုင်ပေ။

ကုန်အမှတ်တံဆိပ်နှစ်ခုတူ မတူဆုံးဖြတ်ရာတွင် မည်သည်ကို အတုအပခေါ်ကြောင်း၊ ပုံသေကားချပ် နည်းလမ်းများ ချမှတ်၍မဖြစ်နိုင်သဖြင့် အမှုတစ်ခုချင်းစီ၏ အဖြစ်အပျက်အကြောင်းအရာပေါ်မူတည်၍ ဆုံးဖြတ်ရန်ဖြစ်သည်။ တံဆိပ်နှစ်ခုယှဉ်ထား၍ လူတစ်ယောက်အား ရှုတ်ထွေးမှားယွင်းမှုရှိ မရှိမှာ အရေးမကြီးပေ။ အရေးကြီးသည်မှာ တံဆိပ်တစ်ခုတည်းကိုသာ ကြည့်ရာတွင် ၎င်းတံဆိပ်သည် အခြားတံဆိပ်ဟု ထင်မှတ်ပြီး လိမ်လည်ခြင်းခံရဖွယ်ရှိ မရှိပင်ဖြစ်သည်။

အယူခံတရားပြိုင် အသုံးပြုရောင်းချသည့် ကုန်ပစ္စည်းထုတ်ပိုးအိတ်ခွံ၏ တစ်ဖက်တွင် ရွှေသြဘာအမည်ရိုက်နှိပ်ထားပြီး တစ်ဖက်တွင် ရွှေပုပ္ပါးစိုက်ပျိုးရေးဆေးထုတ်လုပ်ရေးမှ ဖြန့်ဖြူးကြောင်း ဖော်ပြပါရှိသည်ဖြစ်၍ အယူခံတရားလိုကုမ္ပဏီ၏ မှတ်ပုံတင်အသုံးပြုလျက်ရှိသော အင်္ဂလိပ်စာသားဖြစ်သော awba, Awba နှင့် ဒီဇိုင်းပုံစံ၊ ကုမ္ပဏီအမှတ်တံဆိပ် Logo တံဆိပ်တို့နှင့် တစ်ထပ်တည်းသော်လည်းကောင်း၊ ဆင်တူယိုးမှားသော်လည်းကောင်း ဖြစ်စေသည့် အမှတ်အသားများမပါ၍ သုံးစွဲသူများအကြား၊ ကုန်အမှတ်တံဆိပ်နှင့် ပတ်သက်၍ ထင်ယောင်ထင်မှား မဖြစ်စေနိုင်သဖြင့် အယူခံတရားလိုကုမ္ပဏီ၏ ထုတ်ကုန် ရောင်းချမှုကို ထိခိုက်နစ်နာစေခြင်းမရှိပေ။

သို့ဖြစ်၍ မူလ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က ငြင်းချက် (၁)၊ (၂)၊ (၃) တို့ကို ဖြေဆိုပြီး အမှုကို စရိတ်နှင့်တကွ ပလပ်ခြင်းသည် အမှုတွင် ပေါ်ပေါက်သည့် သက်သေခံချက်များနှင့် ဆန့်ကျင်ကွဲလွဲ ဆုံးဖြတ်သည်ဟု မဆိုနိုင်သဖြင့် ဤအယူခံရုံးမှ ဝင်ရောက် စွက်ဖက်ရန်အကြောင်း ပေါ်ပေါက်ခြင်းမရှိပေ။

ထို့ကြောင့် ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ၃၀၀၀၀ ကျပ်သတ်မှတ်သည်။

(စိုးနိုင်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး